The Republic of the Union of Myanmar

Ministry of Social Welfare, Relief and Resettlement

Department of Social Welfare

Letter no. 2CA3/6-36 /2019

Date: 7 / 3 / 2019

**Subject: Invitation to Public Consultations for "Expanding Maternal and Child Cash Transfer Program for Improved Nutrition in Myanmar" Project**

Dear Colleagues,

You are cordially invited to the consultation meeting for the Ministry of Social Welfare, Relief and Resettlement's "Expanding Maternal and Child Cash Transfer Program for Improved Nutrition in Myanmar" Project with the financing and technical support from the World Bank.

The Ministry of Social Welfare, Relief and Resettlement in Myanmar, with support from the World Bank, will organize a public consultation meeting to inform and consult with the public and stakeholders on the Ministry's project on "Expanding Maternal and Child Cash Transfer Program for Improved Nutrition in Myanmar".

This consultation is part of a series of consultations on the "Expanding Maternal and Child Cash Transfer Program for Improved Nutrition in Myanmar" project, and hopes to seek feedback from participants on provisions for community participation, and key design and implementation issues.

The Maternal and Child Cash Transfer (MCCT) program is one of eight flagship programs outlined in the Government of Myanmar's National Social Protection Strategic Plan (NSPSP) to address vulnerabilities along the life cycle. The objective of the program is to improve nutritional outcomes for mothers and children during the critical first 1,000 days of life. The program provides a regular cash benefit to mothers during pregnancy and until the first 2 years of age of children. To ensure that the implementation is technically and financially feasible, the flagship program is being progressively rolled out by Department of Social Welfare under the Ministry of Social Welfare, Relief and Resettlement. The MCCT Program is being implemented by the government in Chin, Rakhine, Naga Self-Administered Zone of the Sagaing Region, Kayin and Kayah States. With concessional loan of USD 100 million from International Development Association (IDA), the proposed project is expected to benefit the pregnant women and children

in their first 1000 days of life, who are living in Shan State and Ayeyarwaddy Region over the four years of project.

For your kind review, we attach project documents: 1) Project Information Document (in English and Myanmar), 2) Draft Community Participation Plan (PowerPoint presentation in English and Myanmar), 3) Draft Social Assessment Report (Powerpoint presentation in English and Myanmar), and 4) Draft Environmental Codes of Practice (Powpperpoint slides in English and Myanmar).

Aside from face to face consultations, we would like to encourage you to send feedback and suggestion by email to www.socialprotection.dsw.gov@gmail.com. We would be grateful if you could confirm your participation via email to Social Protection Division,Department of Social Welfare,Myanmar, www. socialprotection. dsw. gov@gmail.com , or by phone at 0673-404077,0673-404078 not later than by 15.3.2019. See attached links for the project documents.

Meeting information: Date – 21.3. 2019

Time - (09:00am to 12:00noon)

Venue – Lashio, Myanmar

Meeting information: Date – 23.3.2019

Time - (09:00am to 12:00noon)

Venue – Keigtung , Myanmar

Sincerely,

7.3.2019

Dr.San San Aye

Director General

Links:

1.https://www.dsw.gov.mm/sites/default/files/201901/CPPF_Dec%2022_disclosure_1.pdf

2.https://www.dsw.gov.mm/sites/default/files/2019-01/ECOP%20MCCT4N%20Eng_1.pdf

3.https://www.dsw.gov.mm/sites/default/files/2019-01/Social%20Assessment_Dec%2022_Disclosure_1.pdf

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန

စာအမှတ်၊ ၂၆၅၂ / ၆-၃၆ / ၂၀၁၉

ရက်စွဲ ၂၀၁၉ခုနှစ်၊ မတ်လ ( ၇ )ရက်

**အကြောင်းအရာ။ Public Consultations ဆွေးနွေးပွဲ ဖိတ်ကြားခြင်း**

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနသည် ၂၀၁၄ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင် ဖော်ပြထားသော လူ့ဘဝတစ်သက်တာလုံးကို လွှမ်းခြုံ နိုင်သည့် အဓိက အစီအစဉ်(၈)ခုအနက် တစ်ခုအပါအဝင်ဖြစ်သော ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့သည့် အစီအစဉ်ကို လူ့ဘဝအစ ရက်(၁၀၀၀)အတွင်း အာဟာရနှင့်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ ပြည့်မီပြီး ဦးနှောက်နှင့် ခန္ဓာကိုယ် ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးသူငယ်များအား တစ်ဦးတစ်လ လျှင် (၁၅၀၀၀)ကျပ်နှုန်းဖြင့် နှစ်လတစ်ကြိမ် (သို့မဟုတ်)သုံးလတစ်ကြိမ် ထောက်ပံ့လျှက်ရှိပါသည်။

၂။ နိုင်ငံတော်အနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့သည့် အစီအစဉ်ကို အာဟာရဆိုင်ရာ လိုအပ်ချက်များရှိပြီး၊ ပုညက်မှုနှုန်းမြင့်မားလျက်ရှိသော ချင်းပြည်နယ်တွင် ၂၀၁၇ခုနှစ် ဇွန်လမှ စတင်၍ လည်ကောင်း၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ၂၀၁၇ခုနှစ်၊ ဇူလိုင်လမှ စတင်၍လည်းကောင်း ၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၂၀၁၈ခုနှစ်၊ အောက်တိုဘာလမှ စတင်၍လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ကမ္ဘာ့ဘဏ်၏ချေးငွေ (IDA Fund) ဖြင့် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် လူမှုရေးဆိုင်ရာဆန်းစစ်ချက်၊ ရပ်ရွာလူထုပါဝင်မှုအစီအစဉ်မူဘောင်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းကျင့်ဝတ်စည်းကမ်းများကို ပြုစုထုတ်ပြန်ထားပြီးဖြစ်ရာ၎င်းတို့နှင့် စပ်လျဉ်း၍ အစိုးရဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ အထောက်အကူပြုအဖွဲ့အစည်းများ၊ INGO၊ NGO

များနှင့် လူမှုရေးအသင်းအဖွဲ့များကိုဖိတ်ကြား၍လူထုဆွေးနွေးညှိနှိုင်းပွဲကိုအောက်ဖော်ပြပါအစီအစဉ် အတိုင်း ကျင်းပမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသော လူကြီးမင်းများအနေဖြင့် တက်ရောက်နိုင်ပါရန်နှင့် အထက်ပါ လူမှုရေးဆိုင်ရာဆန်းစစ်ချက်၊ ရပ်ရွာလူထုပါဝင်မှုအစီအစဉ် မူဘောင်များနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းကျင့်ဝတ်စည်းကမ်းများအပေါ်တွင် အကြံပြု ဆွေးနွေးနိုင်ပါရန် ဖိတ်ကြား အပ်ပါသည်–

(က) နေ့ရက် – (၂၁.၃.၂၀၁၉)၊ ကြာသပတေးနေ့

(ခ) နေရာ – မြို့နယ်ခန်းမ၊ လားရှိုးမြို့။

(ဂ) နေ့ရက် – (၂၃.၃.၂၀၁၉)၊ စနေနေ့

(ဃ) နေရာ – မြို့နယ်ခန်းမ၊ ကျိုင်းတုံမြို့။

(င) အချိန် – နံနက်(၀၉:၀၀)နာရီမှ (၁၂:၀၀)နာရီအထိ။

၄။ လူမှုရေးဆိုင်ရာဆန်းစစ်ချက်(Social Assessment)၊ ရပ်ရွာလူထု ပါဝင်မှုအစီအစဉ်မူဘောင်များ(Community Participation Planning Framework) နှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာလုပ်ငန်းကျင့်ဝတ်စည်းကမ်းများ (Environmental Codes of Practices) တို့ကိုပူးတွဲပါ links တွင် ရယူနိုင်ပြီး အကြံပြုချက်များကို ဖော်ပြပါ Email လိပ်စာသို့လည်းကောင်း၊ တက်ရောက်ရန် စိတ်ပါဝင်စားပါက (၁၅.၃.၂၀၁၉)ရက်နေ့ နောက်ဆုံး ထားပြီး ဖော်ပြပါ ဖုန်းနံပါတ်သို့လည်းကောင်း အမည်စာရင်းပေးပို့နိုင်ပါသည်။

7.3.2019

ဒေါက်တာစန်းစန်းအေး

ညွှန်ကြားရေးမှူးချုပ်

**Links**

1. https://www.dsw.gov.mm/sites/default/files/201901/CPPF_Dec%2022_disclosure_1.pdf
2. https://www.dsw.gov.mm/sites/default/files/2019-01/ECOP%20MCCT4N%20Eng_1.pdf
3. https://www.dsw.gov.mm/sites/default/files/2019-01/Social%20Assessment_Dec%2022_Disclosure_1.pdf

Email Addresswww.socialprotection.dsw.gov@gmail.com

0673-404077,0673404078